# လူမှောင်ခိုကူးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိ

ဘားမားကမ်ပိန်း၊ ၂၀၀၇၊ မတ်လ၊ ၂၂ရက်

တရုတ်ပြည်နယ်စပ်မြို့များတွင် လူမှောင်ခို ကုန်ကူးမှုများဆက်လက်ဖြစ်ပေါ်နေကြောင်း နိုင်လုံသောရပ်ကွက်မှ သိရှိရသည်။ ထိုလူမှောင်ခိုကူးမှုသူများ၏ အဓိကပစ်မှတ်ထားဝင်ရောက်ပြီး အမျိုးသမီးငယ်များအား ရှာဖွေနေသော ဒေသမှာ ကချင်ပြည်နယ် ဖြစ်သည်ဆိုသည်။

ထိုကိစ္စနှင့် ပါတ်သက်၍ ၂၀ရက်နေ့မတ်လ လူမှောင်ခိုကုန်ကူးသူများထံမှ ထွက်ပြေးလွတ်မြောက်လာသူ တဦးက အောက်ပါအတိုင်းပြန်လည်ပြောပြသည်။

"ကျမနာမည်က မစန္ဒာ(အမည်ရင်းမဟုတ်)လို့ခေါ်ပါတယ်။ ဇာတိကဝန်းမော်ကပါ။ လေယဉ်ကွင်းနားမှာ နေပါတယ်။ အဖေကဦးကျော်ဝင်းလို့ခေါ်ပါတယ်။ အမေက ကချင်အမျိုးသမီးပါ။ ဒေါ်ဂျာဆိုင်းလို့ ခေါ်ပါတယ်။ သားသမီး သုံးယောက်ရှိပါတယ်။ ယောကျ်ားကတော့ မြန်မာပြည်အလယ်ပိုင်း စစ်ကိုင်းဘက်ကပါ။ နေ့ခင်းကို ကျမယောကျ်ားက ဆိုက်ကား နင်းပါတယ်။ ညပိုင်းကိုတော့ ကျမတို့ ငါးဖမ်းပါတယ်။ သားသမီး သုံးယောက်ရှိပါတယ်။ စားဝတ်နေရေး အရမ်းကို ခက်ခဲပါတယ်။ ရွှေလီမြို့က အမျိုးသမီးတယောက် တရုတ်ပြည်မှာ အလုပ်ရှာပေးမယ်ဆိုပြီးထွက်လာတာပါ။ ၁၄ရက်နေ့က ဒီကိုထွက်လာတာပါ။ ဝန်းမော်ကနေလွယ်ကျယ်၊လွယ်ကျယ်ကနေ ရွှေလီကို၁၅ရက်နေ့ကရောက်ခဲ့ပါတယ်။ ဒီရောက်တော့ ကျမကို တရုပ်တွေဆီမှာ ရောင်းစားပါတယ်။ကျမလည်း တခါမှ မကြုံဖူးဘူး။ ကြောက်လည်းကြောက်တယ်။ ကယ်သူရှိလို့ ထွက်ပြေးနိုင်တာပါ" ဟု မစန္ဒာက သူ၏ ရောင်းစားခံရမှုအခြေအနေကို ပြောပြသည်။

ထိုမစန္ဒာဆိုသူအား တရုပ်ပြည်သို့လိုက်ခဲ့ရန် လာရောက်သွေးဆောင်သူမှာ မသီတာဟု သိရှိရပြီး အရပ်ငါးပေခန့်၊ အသားညိုညို၊ ဆံပင်မတိုမရှည်၊ ခပ်ဝဝ ဉပဓိရုပ်ရှိကြောင်း သိရှိရပြီး သူ၏ အမျိုးသားမှာ ကျန်းဇီးနယ်မှ တရုတ်လူမျိုးတဦး ဖြစ်ပြီး တရုတ်ပြည်ရွှေလီမြို့ ကျယ်ကန်လမ်းရှိတည်းခိုခန်းတခု၌ တည်းခိုပြီး လူမှောင်ခို ကုန်ကူးမှုကို အဆက်မပြတ် လုပ်ဆောင်နေသည်ဟုသိရှိရသည်။

"သူ့အမျိုးသမီး မသီတာကတော့ ဗမာပြည်ထဲကနေလူရှာတယ်။ သူ့ယောက်ကျားကတော့ တရုတ်ပြည်ထဲက တရုတ်ယောကျ်ားတွေရှာပေးတယ်။ ကျမသိရသလောက်တော့ ကချင်ပြည်နယ်ထဲက အမျိုးသမီး ခြောက်ယောက်ကို ရောင်းစားပြီးသွားပြီ။ ကချင်အမျိုးသမီးနှစ်ယောက်၊ ဗမာနှစ်ယောက်၊ရှမ်းနှစ်ယောက်။"

ထိုသို့ အရောင်းစားခံရမည့် မဉမ္မာအား လာရောက်ဝယ်ယူမည့် ကမ်းလှမ်းလာသည့် တရုတ်အမျိုးသား လေးဦးရှိကြောင်း သိရှိရသည်။

"ကျန်းဇီးကတရုပ်တွေပဲလာကြည့်တာ။ သူတို့ကြိုပြီးတော့ခေါ်ထားတယ်။ ကျမက တရုတ်စကားနဲနဲ ပြောတတ် တယ်။ လာဝယ်တဲ့လူတွေ ရှေ့မှာ လုံးဝတရုပ်စကား မပြောခိုင်းဘူး။ အပြင်ကိုလည်းမထွက်ခိုင်းဘူး။ ကျမလည်း ဒီနေရာကို တခေါက်မှ မလာဘူးဘူး။ သူတို့ပြောနေတာကိုတော့ ကျမနားလည်တယ်။ မသီတာရဲ့ယောကျ်ား တရုတ် အမျိုးသား က လာဝယ်တဲ့ သူတွေဆီကနေပြီး ကျမကိုယူရင်(ဝယ်ရင်) တရုပ်ငွေတသောင်းပေးရမယ်လို့ ပြောတယ်။ ၃၀၀၀ယွမ်က သူတို့ပွဲခယူမယ်။ နောက် ၇၀၀၀ယွမ်က ကျမကိုပေးမယ်လို့ ပြောတယ်။ သူတို့ဈေးညှိနေလို့ ကျမပြေးချိန်ရတာ။"

ထိုမစန္ဒာဆိုသူအားခေါ်ဆောင်လာသူ မသီတာမှာ ရွှေလီသို့ မစန္ဒာအ ားပို့ဆောင်ပြီး ကချင်ပြည်နယ်အတွင်းသို့ လူမှောင်ခို လုပ်ဆောင်ရန် ၁၅ရက်နေ့ကထွက်ခွာသွားကြောင်းသိရှိရသည်။

"သူသွားတဲ့နေရာက ဝန်းမော်၊ ဖားကန့်၊မြစ်ကြီးနားကို သွားမယ်လို့သိရတယ်။ သူ့ယောက်ကျားဆီက ဗမာငွေ သုံးသိန်းလောက်ပါသွားတယ်။ တခေါက်သွားရင် မိန်းကလေးနှစ်ယောက် အမြဲပါလာတယ်။ ဒီတခေါက် ကျမ တယောက်ထဲ ပါလာလို့ မသီတာယောကျ်ား တရုတ်က အရမ်းကိုဆူနေတာ တွေ့ရတယ်။ ကျမကိုခေါ်လာတုံးက လွယ်ကျယ်လမ်းကို သုံးတယ်။ အခုတစ်ခေါက်တော့ လိုင်ဇာလမ်းကို သုံးနိုင်တယ်"ဟု မစန္ဒာက ဆိုသည်။

တရုတ်အစိုးရမှ လူမှောင်ခိုကုန်ကူးမှုအား တိုက်ဖျက်နေသော်လည်း ထိုလုပ်ငန်းသည် အချိန်တိုအတွင်း အကျိုးအမြတ်အများဆုံးရနေပြီး စီးပွားရေးချွတ်ချုံကြနေသည့်၊ ရိုးသားသည့်ဒေသခံတိုင်းရင်းသားများအား အလုပ်ရှာပေးမည် ဟူသော အကြောင်းပြချက်ဖြင့် သွေးဆောင်ဖျားယောင်းရန် အလွယ်ကူဆုံးလုပ်ငန်းဖြစ်နေကြောင်းကို ကချင်ပြည်နယ်အတွင်းရှိ ကချင်လူမှုကယ်ဆယ်ရေး အမျိုးသမီးတဦးက ယခုလို ပြောဆိုသည်။

"အဓိက ဖြစ်နေတဲ့ အကြောင်းရင်းက စီးပွားရေးအရလုံးဝ အဆင်မပြေတာရယ်။ နောက်ပညာရေးနဲ့ အခြေခံ ဗဟုသုတ အားနည်းတာတွေကြောင့် အခုလိုကျမတို့ဒေသခံတွေ ရောင်းစားခံနေရတာဖြစ်တယ်။ အဲဒီတော့ ကျမတို့ကချင်အမျိုးသမီးတွေက ပညာပေးလုပ်ငန်းတွေကို များများလုပ်ပေးရတော့မှာ ဖြစ်တယ်"ဟု ဆိုသည်။